ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ဒီးမော့ဆိုမြို့နယ်

CDD


# လူထုဗဟိုပြုစီမံကိန်း
# National Community Driven Development Project ( NCDDP)




## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)
## Village Development Plan (VDP) ဒေါဘူးကူးကျေးရွာအုပ်စု၊ ကြာဖူးဒေါ ကျေးရွာ


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ဒီးမော့ဆိုမြို့နယ်မြေပုံ | ၁ | ၁ |
| ၂။ | ကျေးရွာအုပ်စုမြေပုံ | ၂ | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်းနှင့်လူဦးရေ | ၃ | ၃ |
| ၄။ | ကျေးရွာမြေပုံ(တည်နေရာ) | ၄ | ၄ |
| ၅။ | ကျေးရွာမြေပုံသုံးသပ်ချက် | ၅ | ၅ |
| ၆။ | ကျေးရွာသမိုင်းကြောင်းအကျဉ်းချုပ် | ၆ | ၈ |
| ၇။ | ကျေးရွာအတွင်းရှိ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၉ | ၉ |
| ၈။ | ကျေးရွာအတွင်းရှိ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်သုံးသပ်ချက် | ၁၀ | ၁၀ |
| ၉။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်ခြင်း | ၁၁ | ၁၁ |
| ၁၀။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်သုံးသပ်ချက် | ၁၂ | ၁၂ |
| ၁၁။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်ခြင်း | ၁၃ | ၁၃ |
| ၁၂။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်သုံးသပ်ချက် | ၁၄ | ၁၄ |
| ၁၃။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်ခြင်း | ၁၅ | ၁၅ |
| ၁၄။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်သုံးသပ်ချက် | ၁၆ | ၁၆ |
| ၁၅။ | ကျေးရွာအတွင်းရှိ ကော်မတီဝင်များစာရင်း/ဓါတ်ပုံ | ၁၇ | ၁၈ |
| ၁၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၁၉ | ၂၀ |
| ၁၇။ | ကျေးရွာအချက်အလက်ပုံစံ(၁) | ၂၁ | ၂၃ |
| ၁၈။ | စီမံကိန်းစက်ဝန်း အချိန်ဇယား(ပုံစံ-၂) | ၂၄ | ၂၅ |
| ၁၉။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၂၆ | ၂၉ |
| ၂၀။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄) | ၃၀ | ၃၀ |
| ၂၁။ | ကျေးရွာအစည်းအဝေးမှတ်တမ်းများ | ၃၁ | ၃၂ |
| ၂၂။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၃၃ | ၃၄ |


DEMOSO TOWNSHIP MAP
စကေး ၁ လက်မ = ၂ မိုင်
ရည်ညွှန်းချက်
ဒီးမော့ဆိုမြို့
ကျေးရွာအုပ်စု
ကျေးရွာ
ကားလမ်း
မီးရထားလမ်း


# ဒေါ်ဘူးကူး ကျေးရွာအုပ်စုပြ မြေပုံ





ဒေါဘူးကူးအုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | |
| ၁။ | ဒေါဘူးကူး | ၅၅ | ၁၃၅ | ၁၄၉ | ၂၈၄ | |
| ၂။ | ဒေါဘူးခို | ၆၅ | ၁၆၀ | ၁၇၂ | ၃၃၂ | |
| ၃။ | ဒေါလျားလီ | ၄၂ | ၁၁၂ | ၁၀၇ | ၂၁၉ | |
| ၄။ | စည်းလင်း | ၄၉ | ၁၃၇ | ၁၃၃ | ၂၇၀ | |
| ၅။ | ဒေါပေါ်ကလဲ | ၂၇ | ၅၈ | ၇၀ | ၁၂၈ | |
| ၆။ | ဒေါသဲ | ၃၃ | ၈၆ | ၉၆ | ၁၈၂ | |
| ၇။ | ကြာဖူဒေါ | ၆၄ | ၁၆၀ | ၁၅၃ | ၃၁၃ | |
| ၈။ | ဒေါပီတ | ၆၆ | ၁၅၇ | ၁၆၀ | ၃၁၇ | |
| | စုစုပေါင်း | ၄၀၁ | ၁၀၀၅ | ၁၀၄၀ | ၂၀၄၅ | |



ကြာဖူးဒေါ်ကျေးရွာမြေပုံ
အညွှန်း
မြောင်းကြီး
လမ်း
စာသင်ကျောင်း
ဘုရားရှိခိုးကျောင်း
လယ်မြေ
ပါဝင်ဆွေးနွေးသူ
သင်္ချိုင်း

## ဒေါဘူးကူးကျေးရွာအုပ်စု၊ ကြာဖူးဒေါကျေးရွာ

၁၆.၁၂.၂၀၁၆

**ကျေးရွာလူမှုရေးနှင့်သဘာဝအရင်းအမြစ်ပြမြေပုံကို သုံးသပ်ခြင်း။**

ဒေါဘူးကူးကျေးရွာအုပ်စု (၈)ရွာတွင် (၇)ရွာသည် တစ်ဆက်တစ်စပ်တည်း တည်ရှိသော်လည်း ကြာဖူးဒေါကျေးရွာတစ်ရွာသာ ဒီးမော့ဆို-မိုးဗြဲလမ်းမကြီး အရှေ့ဖက်သို့ (၆)ဖာလုံခန့်ဝေး၍ သီးခြားတည်ရှိနေပါသည်။ ကြာဖူးဒေါကျေးရွာသည် ယခင်က ဝါသောခိုကျေးရွာအုပ်စု လားလဲကျေးရွာမှ အချို့ရွှေ့ပြောင်း၍ ရွာသစ်ထပ်မံတည်သောရွာဖြစ်သည်။ ကျေးရွာအတွင်း လူမှုအရင်းအမြစ်အနေဖြင့် စာသင်ကျောင်း၊ ဘုရားရှိခိုးကျောင်း၊ မိုးဗြဲလက်ယာမြောင်းကို တွေ့ရသည်။ သဘာဝအရင်းအမြစ်အဖြစ် လယ်ယာမြေသာ ရှိသည်။

ပထမအကြိမ်ကျေးရွာအစည်းအဝေးတွင် ကျေးရွာလူထုမှ မြေပုံကို ရေးဆွဲ၍ လေ့လာဖော်ထုတ်ကြရာ လိုအပ်ချက်များအဖြစ် ကျေးရွာခန်းမဆောင်၊ ရွာတွင်းလမ်းများ၊ အဝီစိရေတွင်းများ၊ ဆေးပေးခန်း၊ စာကြည့်တိုက်တို့ကို ဖော်ထုတ်သတ်မှတ်ကြပါသည်။ ထို့ပြင် လက်ရှိလျှပ်စစ်မီးကို ဆည်မြောင်းဦးစီးဌာန Punt Station မှ ယာယီသုံးစွဲလျှက်ရှိသဖြင့် ကျေးရွာတွင်း ထရန်စဖော်မာ (၁)လုံး ရေရှည်အတွက် လိုအပ်သည်ဟု သိရှိရပါသည်။

ကြာဖူးဒေါကျေးရွာတွင် လူမှုရေးနှင့် သဘာဝအရင်းအမြစ်ရရှိနိုင်မှုမှာ နည်းပါးနေသေးသည်ဟု သုံးသပ်ရရှိပါသည်။ အိမ်ခြေမှာ (၆၄) လုံးရှိသဖြင့် ရေရှည်ကျေးရွာဖွံ့ဖြိုးရေးအတွက် ရွာလူထုမှ ဖော်ထုတ်ကြသော ခန်းမဆောင်၊ လမ်းကောင်းမွန်ရေး၊ ရေတွင်း၊ ဆေးပေးခန်း၊ စာကြည့်တိုက်များ၊ မူကြိုကျောင်း၊ ထရန်စဖော်မာတို့လည်း အမှန်လိုအပ်နေသဖြင့် ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည်ဟု သုံးသပ်တင်ပြအပ်ပါသည်။ ကြာဖူးဒေါကျေးရွာတွင် သဘာဝအရင်းအမြစ်နည်းပါးသော်လည်း ရွာဟောင်း(လက်ရှိလားလဲကျေးရွာ)တွင် သဘာဝအရင်အမြစ်အချို့ ရရှိနိုင်သဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် တစ်ဖက်မှလည်း အထောက်အကူပေးနိုင်မည်ဟုလည်း သုံးသပ်ရရှိပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၁၅) ဦး၊ မ (၂၇) ဦး**

**ကြာဖူးဒေါကျေးရွာသမိုင်းအကျဉ်း**

ကြာဖူးဒေါကျေးရွာ၏ နောက်ခံသမိုင်းအား လေ့လာကြည့်ရာတွင် ကြာဖူးဒေါဟူသည့် အဓိပ္ပါယ်မှာ ပေါက်ပင်တောရွာ(ပေါက်ပင်ကြားထဲမှာရွာတည်)သည်ဟု အဓိပ္ပါယ်ရပါသည်။ ကြာဖူးဒေါရွာဖြစ်လာရခြင်းမှာ ယခင်လားလဲရွာဟောင်းတွင် လူနေထူထပ်ပြီး ရေအခက်အခဲရှိခဲ့သည်။ ညသန်းခေါင်ချိန်တွင် ရေသွားခပ်ရာတွင် လူတစ်ဦးလျှင် တစ်ပီပါပင်မရနိုင်ခဲ့။ လမ်းပန်းဆက်သွယ်ရေးများခက်ခဲလှသည်။ ထို့ကြောင့် ရေတွင်းတူးနိုင်သည့် နေရာသို့ ရွှေ့ပြောင်းရန် ဆုံးဖြတ်ခဲ့ကြသည်။ ၁၉၈၅ ခုနှစ်တွင် ပြောင်းရွှေ့ရန်ကြိုတင်စီစဉ်ခဲ့ပြီး ၁၉၈၆-၈၇ ခုနှစ်တွင် ပြောင်းရွှေ့ခဲ့သည်။ ဦးဆောင်၍ ရွှေ့ပြောင်းလာကြသူများမှာ ဦးစီးလာ၊ ဦးလယ်ရယ်(ကောင်စီခေတ်)နှင့် ဦးချိုးရယ်တို့ဖြစ်သည်။ အိမ်ခြေ (၂၅) အိမ်ပြောင်းရွှေ့လာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အိမ်ခြေ (၂၅) အိမ်ခန့်ပြောင်းရွှေ့လာပြီးဖြစ်ပါသည်။ ရွာသို့ ရောက်ရှိစဉ်က ကိုယ်နည်းကိုယ့်ဟန်ဖြင့် မြေကွက်ချခဲ့သည်။ ၁ကွက်တွင် ပေ (၁၅၀) ပတ်လည်ရှိသည်။ တစ်ရွာလုံးဧရိယာမှာ (၄၂) ဧကခန့်ရှိသည်။ ၁၉၈၅-၁၉၉၁ ခုနှစ်အထိ လားလဲရွာသစ်ဟုခေါ်ကြသေးသည်။

(၇)နှစ်အကြာတွင် ၁၉၉၁ ခုနှစ်တွင် ဖြတ် (၄)ဖြတ် ဖြစ်လာသည်။ ဖြစ်ခဲ့သောနေရာမှာ လားလဲရွာဟောင်းဖြစ်သည်။ ရွာသစ်နှင့်မဆိုင်ပေ။သို့သော် လားလဲရွာသစ်သည် ရွာဟောင်းနှင့် မခွဲထွက်ဘဲ ဝါသောခိုအုပ်စုတွင် ဆက်လက်အမည်ရှိနေသဖြင့် ရွှေ့ပြောင်းသည့်အုပ်စုတွင် ပါခဲ့ရသည်။ ဒီးမော့ဆိုသို့ရွှေ့ပြောင်းခဲ့ရသည်။ ပြောင်းရွှေ့စဉ်ပထမနှစ်က တဲထိုးပြီး နေထိုင်ခဲ့ရသည်။ ဒုတိယနှစ်တစ်နှစ်တွင် ရွာတွင်ရှိသော အိမ်ကိုဖြုတ်၍ ရွှေ့ပြောင်းဆောက်ခဲ့ရသည်။ နေထိုင်ပြီး (၃) နှစ်အကြာတွင် ရွာဟောင်းသို့ ပြန်၍နေထိုင်ခွင့်ရခဲ့သည်။ ဒီးမော့ဆိုတွင် နေထိုင်စဉ်က ရေအခက်အခဲနှင့် ထင်းရှာဖွေရန် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ ထင်းအစား ပြောင်းဖူးရိုးသုံး၍ အခက်အခဲများဖြေရှင်းခဲ့ရသည်။ ဒီးမော့ဆိုတါင် နေထိုင်စဉ် ရှာဖွေစားသောက်သော အသက်မွေးဝမ်းကျောင်း အခြေအနေမှာ ရွာဟောင်းသို့ ပြန်၍တောင်ယာလုပ်ကိုင်ရသည်။ ဒီးမော့ဆိုမြို့နှင့် ရွာဟောင်းမှာ (၁၂) မိုင်ခန့်ကွာဝေးသည်။ ပညာရေးအခြေအနေမှာ တဲထိုးပြီး စာသင်ခဲ့ရသည်။ ဒုတိယနှစ်တွင် ရှုးဖယ်ခူမှတွဲဖက်ကျောင်းနှင့် တွဲ၍ စာသင်ခဲ့ရသည်။ ကလေးငယ်များအတွက် ပညာရေးနှောင့်နှေးမှုများ ဖြစ်ရသည်။ ကျန်းမာရေးအခြေအနေမှာ ငှက်ဖျားပေါသည်။ အကြောင်းမှာ ၎င်းတို့နေထိုင်ရသော နေရာမှာ တောင်ခြေရင်းဖြစ်ပြီး လေတိုက်အားကောင်းသော နေရာဖြစ်သည်။

(၃)နှစ်အတွင်း အမျိုးသမီးများနှင့် ကလေးများအခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ (၃) နှစ်ပြည့်မှ သာ ကြာဖူးဒေါရွာသို့ ပြန်ပြောင်းနေထိုင်ခွင့်ရခဲ့သည်။ ၁၉၉၅-၉၆ တွင် ဝါသောခိုအုပ်စုမှ နုတ်ထွက်၍ ဒေါဘူးကူးအုပ်စုသို့ ဝင်ခဲ့သည်။ ဒေါဘူးကူးအုပ်စုသို့ ရောက်ရှိပြီးမှသာ ကြာဖူးဒေါဟု အမည်ပေးခဲ့သည်။ ထိုအချိန်မှစ၍ ကြာဖူးဒေါဖြစ်လာခဲ့သည်။ ကြာဖူးဒေါရွာတွင် နေထိုင်စဉ်ကြုံတွေ့ရသော အခက်အခဲတစ်ခုမှာ နာရေးကိစ္စဖြစ်သည်။ နာရေးဖြစ်လျှင် ရွာဟောင်းသို့ပြန်၍ သင်္ဂြိုလ်ရသည်။ ထိုသို့ပြန်ရာတွင် လူမမြင်သူမမြင် ပုန်းလျိုးကွယ်လျိုးဖြင့် သွားရောက် သင်္ဂြိုလ်ခဲ့သည်။ အကြောင်းမှာ အခြားရွာများက ရွာအတွင်း သင်္ချိုင်းတွင် သင်္ဂြိုလ်ခွင့်မပေး။ ရွာတွင်းသို့ဖြတ်ခွင့်

မပေးသောကြောင့်ဖြစ်သည်။ ၁၉၉၆-၉၇ တွင် ရွာစပါးကျီ (၂) လုံးတည်ဆောက်ပြီး ရပ်ရွာဘုံ၊ လူငယ်ဘုံအဖြစ်လှူပ်ရှားခဲ့သည်။ ၁၉၉၇-၉၇-၉၉ (၃)နှစ်အတွင်း မိုးခေါင်ရေရှားဖြစ်ခဲ့သည်။ ရပ်ဝေးသို့သွားရောက်အလုပ်လုပ်ရသည်။ ၂၀၀၁ ခုနှစ်တွင် လျှပ်စစ်မီးသွယ်ယူခဲ့သည်။ ၄၅၀၀ဝိ (လေးသောင်းငါးထောင်)ကျပ်ဖြင့် ဝယ်ခဲ့ရသည်။

၂၀၀၂ ခုနှစ်တွင် ကိုယ်ထူကိုယ်ထ မူကြိုကျောင်းစတင်ဖွင့်လှစ်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် မူလတန်းကျောင်းအကောင်အထည်ဖော်ဆောက်လုပ်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် နိုဝင်ဘာလ (၁၃) ရက်မှစ၍ အခြေခံပညာမူလတန်းကျောင်းအဖြစ် အသိအမှတ်ပြုခဲ့ရသည်။ မူလတန်းကျောင်းမှာ ဂျပန်အစိုးရမှလှူဒါန်းသည်။ ၂၀၀၅ ခုနှစ်တွင် ပညာရေးဝန်ထမ်းအိမ်ဆောက်ခဲ့သည်။ ကျန်းမာရေးအခြေအနေတွင် ရောဂါဖြစ်လျှင် ဆရာ/မနှင့်ကုသည်။ ပြင်းထန်လျှင် လှိုင်ကော်(သို့)ဒီးမော့ဆိုသို့ သွားရောက်ကုသရသည်။ အဖြစ်များဆုံးရောဂါမှာ ကျောက်ကပ်ရောဂါဖြစ်သည်။ အကြောင်းမှာ ရေတွင်းရေသည် ထုံးဓါတ်များလွန်း၍ ကျောက်ကပ်ရောဂါဖြစ်ရခြင်းဖြစ်သည်။ အသက်မွေးဝမ်းကြောင်းအခြေအနေတွင် လယ်ယာ/တောင်ယာလုပ်စားသူများဖြစ်ကြသည်။ ၂၀၀၆ ခုနှစ်တွင် မီတာဘောက်ရရှိသည်။ (၅) လုံးရရှိသည်။ မူကြိုကျောင်းအား စာသင်ကျောင်းနှင့် ပြောင်းရွှေ့ပူးတွဲဖွင့်လှစ်သည်။ ၂၀၀၇ ခုနှစ်တွင် ရွာအဝင်လမ်းပြုပြင်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် လျှပ်စစ်မီးတိုင်ကို ကွန်ကရစ်တိုင်အဖြစ်လဲလှယ်သည်။ ၂၀၀၈ ခုနှစ် မေလတွင် ဖွံ့ဖြိုးရေးအမြင်ဖွင့်သင်တန်း (PAR) သင်တန်း ပြုလုပ်ခဲ့သည်။

**ကျေးရွာအခြေခံအချက်အလက်များ**

- ကျေးရွာသက်တမ်း - နှစ် (၃၁) နှစ်၊ ၁၉၈၆ ခုနှစ်

**လူဦးရေ (ကျား/မ)နှင့် အိမ်ခြေ**

ကျား (၁၆၀) ဦး၊ မ (၁၅၃) ဦး၊ အိမ်ခြေ (၆၂) လုံး

**လူမျိုးစုများ၏ လူဦးရေ**

၁။ ကယား - ကျား (၁၆၀) ဦး၊ မ (၁၅၃) ဦး

**ထိခိုက်လွယ်သောအုပ်စုများ လူဦးရေ**

(က) သက်ကြီး - ကျား (၂)၊ မ (၄)

(ခ) မြေယာမဲ့ - မရှိ

(ဂ) မသန်စွမ်း - ကျား(၁)ဦး

**ကျေးရွာအတွင်း ရရှိနိုင်သော ဝန်ဆောင်မှုများ**

၁။ အခြေခံပညာမူလတန်းကျောင်း

၂။ ဘုရားရှိခိုကျောင်း

၃။ မိုးဖြဲလက်ယာမြောင်း

**ရွာသူ/သားများ၏ အဓိကစီးပွားရေးလုပ်ငန်းများ**

(က) လယ်ယာစိုက်ပျိုးရေး

(ခ) မွေးမြူရေး

**အဓိကရနိုင်သော အရင်းအမြစ်များ**

၁။ လယ်ယာမြေ

**ကျေးရွာနှင့်ဆိုင်သော အခြားအရင်းအမြစ်များ**

၁။ မိုးဖြဲလက်ယာမြောင်း

ကြာဖူးဒေါ်ကျေးရွာ
ဒေါ်ဘူးကျုံးအုပ်စု

# ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

ရက်စွဲ - ၁၆.၁၂.၂၀၁၆

| အဆင့် | စံသတ်မှတ်ချက်များ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာခြင်း A က | အသယ် (၅၅)ကော ၊ ထော်လာဂျီ၊ တိုက်အိမ် ၊ အထက်တန်းကျောင်းထားနိုင်မှု၊ ဈေးကောင်း ၊ နွား | ၁၃ | ၁၉.၄၀% |
| အသယ်အလတ် B ခ | အသယ် (၂-၅) ကော ၊ ပြင်ဆောင်အိမ် ၊ အထက်တန်းထားသူ ၊ နွား | ၃၇ | ၅၅.၂၂% |
| ဆင်းရဲ C ဂ | ဝါးထရံအိမ် ၊ မူလတန်း ၊ နေ့စားလိုက် | ၁၇ | ၂၅.၃၇% |
| | စုစုပေါင်း | ၆၇ | ၁၀၀% |

ပါဝင်ဆွေးနွေးသူဦးရေ
ကျား(၁၅)၊ မ(၂၇)

## ဒေါဘူးကူးကျေးရွာအုပ်စု၊ ကြာဖူးဒေါကျေးရွာ

၁၆.၁၂.၂၀၁၆


**ဥစ္စာဓနအဆင့်သတ်မှတ်ခြင်းအပေါ်သုံးသပ်ချက်**

ကြာဖူးဒေါကျေးရွာတွင် အိမ်ခြေ(၆၄)လုံးရှိ၍ အများစုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးကြပါသည်။ ပထမအကြိမ်ကျေးရွာအစည်းအဝေးတွင် မိမိတို့ကျေးရွာရှိ လူမှုစီးပွားရေး အလိုက် ဥစ္စာဓနအဆင့်သတ်မှတ်ကြရာတွင် ချမ်းသားခြင်း(A)၊ အလယ်အလတ် (B)၊ ဆင်းရဲ (C) ၃ မျိုးခွဲ၍ ဖော်ထုတ်ကြသည်။ ချမ်းသာ A အဆင့် စံနှုန်းသတ်မှတ်ချက်အဖြစ် လယ် (၇)ဧကပိုင် ဆိုင်ခြင်း၊ ထော်လာဂျီရှိခြင်း၊ တိုက်အိမ်ဖြင့်နေထိုင်ခြင်း၊ အထက်တန်းကျောင်းထားနိုင်မှု၊ ဈေးရောင်းခြင်း၊ နွားများရှိသော အိမ်ထောင်စုများဟု သတ်မှတ်ကြသည်။ အလယ်အလတ်စံနှုန်း အဖြစ် လယ်(၂)ဧကမှ (၅)ဧကပိုင်ဆိုင်ခြင်း၊ ပျဉ်ထောင်အိမ်ဖြင့်နေထိုင်ခြင်း၊ အထက်တန်းကျောင်း ထားနိုင်ခြင်း၊ နွားများပိုင်ဆိုင်သောအိမ်ထောင်စုများ ဖြစ်သည်။ ဆင်းရဲအဆင့် C စံနှုန်းမှာ ဝါးထရံ အိမ်ဖြင့်နေထိုင်ပြီး တစ်နေ့လုပ်တစ်နေ့စား(နေ့စားလိုက်)ရ၍ သားသမီးကို မူလတန်းအဆင့်သာ ကျောင်းထားနိုင်သော အိမ်ထောင်စုများဖြစ်ကြသည်။

A အဆင့်တွင် (၁၃)အိမ်ရှိ၍ ရာခိုင်နှုန်းအားဖြင့် (၁၉.၄၀%)ရှိပြီး ယခင်နှစ်ထက် (၉%) တိုး တက်လာသည်ကို ကျေနပ်ဖွယ်တွေ့ရှိရပါသည်။ B အဆင့်တွင် (၃၇)အိမ်၊ (၅၅.၂၂%)ရှိသည်။ C အဆင့်တွင် (၁၇)အိမ်၊ (၂၅.၃၇%)ရှိပြီး ယခင်နှစ်က (၂၇%)ရှိသဖြင့် အနည်းငယ်ဆင်းရဲမှု လျော့ကျ လာသည်ကို တွေ့ရသည်။

သို့ဖြစ်၍ ကြာဖူးဒေါကျေးရွာသည် ဒေါဘူးကူးကျေးရွာအုပ်စုတွင် ချမ်းသာခြင်း A အဆင့် ရာခိုင်နှုန်းအမြင့်ဆုံးသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာတွင် လူမှု၊ သဘာဝအရင်းအမြစ် နည်းပါးသော်လည်း လူမှုစီးပွားရေးအဆင့် မြင့်မားသောကျေးရွာဖြစ်ပါသည်။ ကျေးရွာလူထုမှ စည်းလုံးညီညွတ်မှုအားဖြင့် ကျေးရွာဖွံ့ဖြိုးရေးကိုများစွာ ဆက်လက်အကောင်အထည်ဖော်နိုင်သော ကျေးရွာဖြစ်သည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၁၅) ဦး၊ မ (၂၇) ဦး**


၁၆.၁၂.၂၀၁၆
ပင့်ကူအိမ်သုံးသပ်ခြင်း
အညွှန်း
အမျိုးသား
အမျိုးသမီး
ဆုံးဖြတ်ပိုင်ခွင့်
ပါဝင်ဆွေးနွေးသူဦးရေ
ကျား (၁၅) ဦး
မ (၂၇) ဦး

## ဒေါဘူးကူးကျေးရွာအုပ်စု၊ ကြာဖူးဒေါကျေးရွာ

၁၆.၁၂.၂၀၁၆


**ကျား-မ ရေးရာကဏ္ဍအပေါ်သုံးသပ်ချက်။**

ကြာဖူးဒေါကျေးရွာတွင် ကျား-မရေးရာကဏ္ဍ ပင့်ကူအိမ်သုံးသပ်ရာတွင် ကဏ္ဍ(၈)ခုဖြင့် အမျိုးသမီးအုပ်စုက စတင်ဖော်ထုတ်အဆင့်သတ်မှတ်ပါသည်။ အမျိုးသမီးအုပ်စုက ၎င်းတို့၏ ဆုံးဖြတ်ပိုင်ခွင့်ကို အဆင့်(၂)၊ ဦးဆောင်မှုတွင် အဆင့် (၁)၊ လုံခြုံမှုတွင် အဆင့်(၂)၊ အိမ်မှုကိစ္စ၌ အဆင့်(၁၀)၊ အမွေရပိုင်ခွင့်တွင် အဆင့်(၃)၊ ပူးပေါင်းပါဝင်မှုတွင် အဆင့် (၅)၊ လုပ်အားခတွင် အဆင့်(၄)၊ အလုပ်အကိုင်အခွင့်အလမ်းတွင် အဆင့်(၄) အသီးသီးသတ်မှတ်ကြပါသည်။ ဆက်လက်၍ အမျိုးသားအုပ်စုက ဆွေးနွေးသတ်မှတ်ရာတွင် ဆုံးဖြတ်ပိုင်ခွင့်၌ (၇)၊ ဦးဆောင်မှုတွင် (၇)၊ လုံခြုံမှုတွင် (၈)၊ အိမ်မှုကိစ္စတွင် (၂)၊ အမွေရရှိမှုတွင် (၅)၊ ပူးပေါင်းပါဝင်မှု (၅)၊ လုပ်အားခတွင် (၅)၊ အလုပ်အကိုင်အခွင့်အလမ်း၌ (၆) သတ်မှတ်ကြပါသည်။

သို့ဖြစ်၍ ကြာဖူးဒေါကျေးရွာတွင် ကျား-မတန်းတူမှုအဖြစ် ပူးပေါင်းပါဝင်မှုကဏ္ဍတစ်ခုသာ တွေ့ရပြီး အမျိုးသမီးက အိမ်မှုကိစ္စမှလွဲ၍ ကျန်သော ကဏ္ဍ(၆)ခုတွင် အမျိုးသားထက် အားနည်းနေသေးသည်ကို လေ့လာတွေ့ရှိရပါသည်။ အထူးသဖြင့် ဆုံးဖြတ်ပိုင်ခွင့်၊ ဦးဆောင်မှုနှင့် လုံခြုံမှုတွင် များစွာကွာဟနေသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကဏ္ဍပေါင်းစုံတန်းတူမှုနီးစပ်လာရေးအတွက် အလေးထားဆောင်ရွက်သွားရန်လိုအပ်သေးသည်ဟု သုံးသပ်ရရှိပါသည်။

ဒေါဘူးကူးအုပ်စုရှိ ကျေးရွာအများစုတွင် ကျေးရွာအစည်းအဝေးတိုင်း၌ အမျိုးသမီးများ ပိုမိုတက်ရောက်ကြသော်လည်း ရပ်ရွာကိစ္စဆိုင်ရာ ဆုံးဖြတ်ပိုင်ခွင့်နှင့် ဦးဆောင်မှု၌ များစွာအားနည်းနေသေးသဖြင့် စီမံကိန်းကာလတစ်လျှောက်တွင် အထူးအလေးထားဆောင်ရွက်ပေးရန်နှင့် ကြာဖူးဒေါကျေးရွာတွင် အိမ်မှုကိစ္စ၌ အမျိုးသားများ ပါဝင်ကူညီပေးရေးဆောင်ရွက်စေခြင်းဖြင့် ကျား-မကဏ္ဍတန်းတူမှုကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၁၅) ဦး၊ မ (၂၇) ဦး**



ကြာဖူးဒေါ်ကျေးရွာ
၁၆.၁၂.၂၀၁၆
ကျေးရွာလူထုနှင့် အဖွဲ့အစည်းချိတ်ဆက်မှု
UN အဖွဲ့
ACF အဖွဲ့
ကျေးရွာ လူထု
အသင်းတော်အဖွဲ့
ပါဝင်ဆွေးနွေးသူဦးရေ
ကျား (၁၅) ဦး
မ (၂၇) ဦး

# ဒေါဘူးကူးကျေးရွာအုပ်စု၊ ကြာဖူးဒေါကျေးရွာ

၁၆.၁၂.၂၀၁၆

**ကျေးရွာလူထုနှင့်အဖွဲ့အစည်း ချိတ်ဆက်မှုကို သုံးသပ်ခြင်း။**

ကြာဖူးဒေါကျေးရွာလူထု၏ ဖော်ထုတ်ချက်အရ ကျေးရွာလူထုနှင့် အဖွဲ့အစည်းချိတ်ဆက်မှုတွင် အခြားသော အုပ်စုတွင်းရှိ ကျေးရွာများထက် များပြားသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် ပြင်ပအဖွဲ့အစည်း (၆)ဖွဲ့နှင့် ချိတ်ဆက်မှုပြုနိုင်သည်မှာ ကြာဖူးဒေါကျေးရွာ၏ အားသာချက်တစ်ခု ဖြစ်ပါသည်။ ပြင်ပအဖွဲ့အစည်းများမှာ အုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်း၊ ACF အဖွဲ့၊ ဂျပန်အလှူရှင်အဖွဲ့၊ ကိန္နရာကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့၊ UN အဖွဲ့ ဖြစ်သည်ဟု ဖော်ပြထားပါသည်။ သို့ရာတွင် လက်ရှိ၌ လူထုဗဟိုပြုစီမံကိန်းမှလွဲ၍ ကျန်သော အဖွဲ့အစည်းများသည် လှုပ်ရှားဆောင်ရွက်မှုမရှိတော့ဟု သိရှိရပါသည်။

ကျေးရွာတွင်းအဖွဲ့အစည်းများအနေဖြင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ပညာရေးကော်မတီ၊ အသင်းတော်အဖွဲ့တို့မှာ သြဇာလွှမ်းမိုးမှုများ၍ ရန်ပုံငွေအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ မူကြိုကော်မတီ၊ မီးကော်မတီ၊ စပါးဘဏ်အဖွဲ့တို့သည်လည်း အထိုက်အလျောက်သြဇရှိသည်ဟု ဖော်ပြထားပါသည်။ ထို့ပြင် ကျန်းမာရေးအဖွဲ့လည်းရှိသည်ကို တွေ့ရသည်။ ကြာဖူးဒေါကျေးရွာသည် (၃၀) နှစ်ခန့်သာတည်ရှိသေးသော်လည်း အိမ်ခြေလျင်မြန်စွာများပြားလာဖြင်း၊ အဖွဲ့အစည်းနှင့် ကျေးရွာလူထုချိတ်ဆက်မှုကျောင်းဖော်ပြ ထားပါသည်။ ထို့ပြင် ကျန်းမာရေးအဖွဲ့လည်းရှိသည်ကို တွေ့ရသည်။ ကြာဖူးဒေါကျေးရွာသည် (၃၀) နှစ်ခန့်သာတည်ရှိသေးသော်လည်း အိမ်ခြေလျင်မြန်စွာများပြားလာဖြင်း၊ အဖွဲ့အစည်းနှင့် ကျေးရွာ လူထုချိတ်ဆက်မှုကောင်းမွန်ခြင်း တို့ကြောင့် အထိုက်အလျောက်ဖွံ့ဖြိုးတိုးတက်မှုရှိသည်ဟု သုံးသပ်ရရှိပါသည်။ ကျေးရွာအုပ်စုအတွင်းတွင် လူမှုစီးပွားရေးအဆင့်အတန်းအမြင့်ဆုံးသော ကျေးရွာအဖြစ် ဥစ္စာဓနအဆင့်သတ်မှတ်ခြင်းတွင် တွေ့ရှိရပါသည်။ သို့ရာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို ဆထက်ထမ်းပိုးဆက်လက်အားထုတ်ဆောင်ရွက်ကြရမည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၁၅) ဦး၊ မ (၂၇) ဦး**

ကြာဖူးဒေါ်ကျေးရွာ
ဒေါ်ဘုံးကူးကျေးရွာအုပ်စု

# ရာသီခွင်ပြ ပြက္ခဒိန်ဇယား

ရက်စွဲ - ၁၆.၁၂.၂၀၁၆

| အကြောင်းအရာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ်လ | ဧပြီလ | မေလ | ဇွန်လ | ဇူလိုင်လ | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| စိုက်ပျိုးချိန် | | | | | | | | | | | | |
| ရိတ်သိမ်းချိန် | | | | | | | | | | | | |
| လမ်းပန်းဆက်သွယ်ရေး | | | | | | | | | | | | |
| ဝင်ငွေနည်းချိန် | | | | | | | | | | | | |
| ပွဲလမ်းသဘင် | | | | | | | | | | | | |
| ဆောက်လုပ်ချိန် | | | | | | | | | | | | |
| ရာသီဥတု အခြေအနေ | | | | | | | | | | | | |
| ကျန်းမာရေး အခြေအနေ | | | | | | | ဝမ်းပျက်ဝမ်းလျှော | ခြင်မှကူးစက်ရောဂါ | ကာကွယ်ဆေး | ဖျားနာ၊ ချောင်းဆိုး | | |

ပါဝင်ဆွေးနွေးသူဦးရေ

ကျား (၁၅) ၊ မ (၂၇) ဦး

## ဒေါဘူးကူးကျေးရွာအုပ်စု၊ ကြာဖူးဒေါကျေးရွာ

၁၆.၁၂.၂၀၁၆

**ရာသီခွင်ပြ ပြက္ခဒိန်အပေါ်သုံးသပ်ချက်**

ကြာဖူးဒေါကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။ ထို့ကြောင့်ရာသီခွင်ပြ ပြက္ခဒိန်ပါလုပ်ငန်းအကြောင်းအရာများကို ရေးဆွဲဖော်ထုတ်ရာတွင်လည်း စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်၊ လမ်းပန်းဆက်သွယ်ရေး၊ ဝင်ငွေနည်းချိန်၊ ပွဲလမ်းသဘင်၊ ဆောက်လုပ်ချိန်၊ ရာသီဥတုအခြေအနေနှင့် ကျန်းမာရေးအခြေအနေများကို အဓိကရေးဆွဲကြပါသည်။ စိုက်ပျိုးချိန်အဖြစ် ဇန်နဝါရီ၊ မေလများတွင် ထယ်ထွန်ခြင်း၊ ဇွန်၊ ဇူလိုင်လတွင် စိုက်ပျိုးခြင်း၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ရိတ်သိမ်းခြင်း ဆောင်ရွက်ကြောင်းဖော်ပြထားပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ နွေရာသီတွင် ဖုန်ထ၍ မိုးရာသီတွင် ဗွက်ထသည်ဟု ဖော်ပြထားပါသည်။ ဝင်ငွေနည်းချိန်အဖြစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများဖြစ်သည်။

ပွဲလမ်းသဘင်အနေဖြင့် ဧပြီလတွင် သင်္ကြန်ပွဲ၊ စက်တင်ဘာတွင် မီးထွန်းပွဲ၊ အောက်တိုဘာလတွင် သီတင်းကျွတ်ပွဲနှင့် ဒီဇင်ဘာတွင် ခရစ္စမတ်ပွဲကျင်းပကြသည်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လတွင် အိမ်ဆောက်ကြပြီး နားချိန်အဖြစ် ဇူလိုင်လမှ အောက်တိုဘာလအထိ အဖြစ်များသည်ဟု ဖော်ပြထားပါသည်။ ရာသီဥတုအခြေအနေမှာ ဧပြီလတွင်အပူဆုံးဖြစ်ပြီး မေလမှစက်တင်ဘာလအထိ မိုးရွာသွန်းသည်ဟု ဖော်ပြထားပါသည်။

ကြာဖူးဒေါကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်ကို လေ့လာသုံးသပ်ရာတွင် တစ်နှစ်လုံးတွင် စိုက်ပျိုးရိတ်သိမ်းပြီး အာလပ်ချိန် (၂)ချိန်သာရှိသည်။ ဆောင်းရာသီတွင် ကြက်သွန်ကဲ့သို့ သီးထပ်စိုက်ပျိုးကြခြင်းဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးအနည်းငယ် ခက်ခဲပြီး ဖျားနာမှုများသည်ဟုလည်း သုံးသပ်ရရှိပါသည်။ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းရှိသော်လည်း ဝင်ငွေနည်းပါနေသေးသည်ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးအသိပညာပေးခြင်း၊ ကျန်းမာရေးဆိုင်ရာပညာပေးလုပ်ငန်းဆက်လက်ဆောင်ရွက်ပေးသင့်သည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၁၅) ဦး၊ မ (၂၇) ဦး**

## ကြာဖူးဒေါ ကျေးရွာ ကော်မတီဝင်



# ကော်မတီစာရင်း

မြို့နယ် - **ဒီးမော့ဆို** ကျေးရွာအုပ်စု - **ဒေါ်ဘူးကူး** ကျေးရွာ - **ကြာဖူးဒေါ်**

| စဉ် | အမည် | ရာထူး | မှတ်ပုံတင်အမှတ် | ပညာအရည်အချင်း | အသက် | လက်မှတ် | ကော်မတီအမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဦးမိုရှေး | ဥက္ကဋ္ဌ | ၂/ဒမဆ(နိုင်)၀၀၆၅၇၁ | | ၅၁ | | စီထောက် |
| ၂။ | ဒေါ်လှမေ | ။ | ၂/ဒမဆ(နိုင်)၀၃၇၆၅၈ | (၁၀)တန်း | ၃၁ | | |
| ၃။ | ဦးပလျားရယ် | ခေါင်းဆောင် | ၂/ဒမဆ(နိုင်)၀၄၉၅၂၉ | (၁၀)တန်း | ၂၃ | | စောင့်ကြည့်ကြီးကြပ်ရေး |
| ၄။ | ဒေါ်စူးမြာ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၂၃၇၄၇ | (၈)တန်း | ၃၈ | | |
| ၅။ | နော်ဂေး | ။ | ၂/ဒမဆ(နိုင်)၀၄၉၅၆၁ | (၁၀)တန်း | ၂၀ | | |
| ၆။ | ဦးထွန်းသိမ်း | ခေါင်းဆောင် | ၂/ဒမဆ(နိုင်)၀၀၆၅၇၇ | (၈)တန်း | ၅၈ | | လည်ပတ်ထိန်းသိမ်း |
| ၇။ | ဦးဌေးရယ် | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၃၀၆၅၁ | (၃)တန်း | ၃၉ | | |
| ၈။ | ဒေါ်ဆော်မိုး | ။ | ၂/ဒမဆ(နိုင်)၀၀၀၁၈၇ | (၈)တန်း | ၄၆ | | |
| ၉။ | ဦးတီရယ်(ဒဲ) | ခေါင်းဆောင် | ၂/ဒမဆ(နိုင်)၀၂၅၅၆၈ | (၁၀)တန်း | ၃၇ | | ဝယ်ယူရေး |
| ၁၀။ | ဦးဆာအောင်ထူး | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၄၅၇၅၁ | (၁၀)တန်း | ၂၅ | | |
| ၁၁။ | ဒေါ်ကလောမြာ | ။ | ၂/ဒမဆ(နိုင်)၀၄၉၅၄၁ | (၁၀)တန်း | ၂၃ | | |
| ၁၂။ | ဦးတီရယ်(ရှေးဘူး) | စာရင်းကိုင် | ၂/ဒမဆ(နိုင်)၀၀၇၀၁၅ | စိုက်/ဒီပလိုမာ | ၄၆ | | စာရင်းကိုင် |
| ၁၃။ | ဒေါ်လူမြာ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၂၇၆၂၆ | (၁၀)တန်း | ၃၈ | | အကြံပြု |
| ၁၄။ | ဦးဆာလော်လာ | ။ | ၂/ဒမဆ(နိုင်)၀၃၈၃၁၁ | (၁၀)တန်း | ၃၀ | | |
| ၁၅။ | ဦးဌေးရယ်(ကီးလော်) | စေတနာ | ၂/ဒမဆ(နိုင်)၀၃၈၃၀၉ | (၈)တန်း | ၃၁ | | စေတနာ |
| ၁၆။ | ဒေါ်ညေးမြာ | ။ | ၂/ဒမဆ(နိုင်)၀၄၉၅၃၈ | (၈)တန်း | ၂၂ | | |




Chicago

# ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးဒိရယ် | | ဦးအောင်ရယ် |

| ပြည်နယ်၊ တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | ဒီးမော့ဆို | ဒေါ်ဒါးဘူးကူး | ကြာဖူးဒေါ် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၆၇ | ဘာသာ (၁) ခရစ်ယာန် | ၆၇ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား - ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား - ၂ | မ ၄ | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယား | ၁၆၀ | ၁၅၃ |
| လူမျိုးစု (၂) ------------ | | |
| လူမျိုးစု (၃) ------------ | | |
| လူမျိုးစု (၄) ------------ | | |
| လူမျိုးစု (၅) ------------ | | |
| အိမ်ထောင်ဦးစီး | ၅၇ | ၅ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| (ကျောက်ကြမ်းလမ်း) | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၅ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၁.၅ မိုင် /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၀ မိနစ် ယာဉ်လာကို (မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် ၂၀ မိနစ် ယာဉ်လာကို (မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

✓☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မီးသင်းအေးကော်မတီ

(၂) ကျန်းမာရေးကော်မတီ

ကျေးရွာခေါင်းဆောင် — အမည် ဦးဒိရယ်

လက်မှတ် [signature] နေ့စွဲ ၁၆.၁၂.၂၀၁၆

လူထုစည်းရုံးရေးမှူး — အမည် ဦးဘိုးရယ်

လက်မှတ် [signature] နေ့စွဲ ၁၆.၁၂.၂၀၁၆

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | | |
|---|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။* | | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဦးဘိုးရယ် | | | | | | |
| နေ့စွဲ | ၁၇.၁၂.၂၀၁၆ | | | စက်ဝန်းအားအမှတ်ခြစ်ပါ | ☐စက်ဝန်း(၁) ✓☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း | ကယား | မြို့နယ် | ဒီးမော့ဆို | ကျေးရွာအုပ်စု | ဒေါ်တမူးကူ | ကျေးရွာ | ကြာဖူးဒေါ် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၆.၁၂.၂၀၁၆ | ၁၆.၁၂.၁၆ | ၁၅ | ၂၇ | ၄၂ | ကယား – ၄၁<br>ကရင် – ၁ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၇.၁၂.၂၀၁၆ | ၁၇.၁၂.၁၆ | ၁၇ | ၂၅ | ၄၂ | ကယား – ၄၀ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၈.၁၂.၂၀၁၆ | ၁၈.၁၂.၂၀၁၆ | ၁၂ | ၁၃ | ၂၅ | ၁၇ ကယား<br>၈ ကယန်း |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၅.၁.၁၇ | ၂၅.၁.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | | | |
|---|---|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဦးဘိုးရယ် | | | | |
| နေ့စွဲ | ၁၇.၁၂.၂၀၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ✓☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဒေါကြားကူ | ကျေးရွာ ကြာဖျူဇဒေါ် | | |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | [illegible] | ၁ | ရေ ကောင်းရေသန့် ရရှိရန်ခက်ခဲ |
| ၂ | လမ်းမကောင်းသဖြင့် ခရီးသွားလာရေးခက်ခဲ | ၂ | ဝင်ငွေ နည်းပါးသော အခက်အခဲ |
| ၃ | လျှပ်စစ်မီးအား ကောင်းကောင်း မရရှိသေး | ၃ | အစည်းအဝေးခန်းမ မရှိသော အခက်အခဲ |
| ၄ | ရေတွင်း နည်းသဖြင့် ရေမလုံလောက်သော အခက်အခဲ | ၄ | စားသောက်နေရေး အခက်အခဲ |
| ၅ | စာကြည့်တိုက်မရှိ၍ ဗဟုသုတနည်း | ၅ | စာကြည့်တိုက်မရှိ၍ ဗဟုသုတနည်းခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အစည်းအဝေးခန်းမ ဆောက်လုပ်ရန် | ၁ | ဆေးပေးခန်း ဆောက်လုပ်ရန် |
| ၂ | ကျောက်ချောလမ်း ခင်းရန် | ၂ | အဝီစိတွင်းများ တူးဖော်နိုင်မည် |
| ၃ | ဆေးပေးခန်း ဆောက်လုပ်ရန် | ၃ | ကျန်းမာရေး ဆေးရုံ လုံလောက်မည် |
| ၄ | ရေ[illegible] ရရှိရန် | ၄ | ခန်းမဆောင် ဆောက်လုပ်ရန် |
| ၅ | စာကြည့်တိုက်ရှိက ဗဟုသုတတိုးပွားမည် | ၅ | စာကြည့်တိုက်ရှိက ဗဟုသုတတိုးပွားမည် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးခန်းမ ဆောက်လုပ်ရန် | ကျား+မ | ၁၀၀သိန်း | ၃၁၃ |
| ၂ | ရွာလယ်ကျောက်ချောလမ်း | ကျား+မ | ၁၈၀သိန်း | ၃၁၃ |
| ၃ | အဝီစိတွင်းများ | ကျား+မ | [illegible]သိန်း | ၃၁၃ |
| ၄ | ဆေးပေးခန်း | ကျား+မ | ၇၀သိန်း | ၃၁၃ |
| ၅ | စာကြည့်တိုက် | ကျား+မ | ၆၀သိန်း | ၃၁၃ |

ယ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျိုးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | ကျား + မ | [illegible] |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [illegible] နေ့စွဲ ၁၉ . ၁၂ . ၂၀၁၆

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

အနှစ်ချုပ်

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | [illegible] ဆောက်လုပ်ရန် | ☑ မ ☑ ကျား | | |
| | ၂ | ရွာလယ်ကျောက်ခင်း လမ်း | ☑ မ ☑ ကျား | | |
| | ၃ | [illegible] | ☑ မ ☑ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးပေးခန်း | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | ဓါတ်မီးတွင်း - ရန် | ☑ မ<br>☑ ကျား | | |
| | ၂ | လျှပ်စစ်ထဲတွင်ရှိ<br>စက်ကိရိယာ(၁)လုံး | ☑ မ<br>☑ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

## ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

***လမ်းညွှန်ချက်။*** *စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။*

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးဘိုးရယ်

နေ့စွဲ ၃၀.၁၂.၂၀၁၆ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဒေါ်ဘူးကျူး

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ဒေါ်ကျူးဒို | ကျောက်ချောလမ်း | ၁၂၂၉´ x ၁၀´ x ၉´´ | ၃၂၈ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၀၅ သိန်း ၆ သောင်း | – | – | | ၁၀၅.၆ သိန်း |
| ဒေါ်ဘူးကျူး | ခုံးမဆောင် မြောင်းကျိုးချို့ | ၆၂´-၆´´ x ၂၇´ x ၁၂ | ၂၇၇ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၀၅ သိန်း ၆ သောင်း | – | – | | ၁၀၅.၆ သိန်း |
| ဒေါ်လျှားလီ | ခုံးမဆောက် အိုးချို့ခြင်း | ၂၇´ x ၂၀´ x ၁၂ | ၂၁၉ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၃၃ သိန်း | – | – | | ၃၃ သိန်း |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် - ဒေါ်ကသဘားပေါ် လက်မှတ် Thaw ရက်စွဲ ၂.၁.၂၀၁၇

ဦးကျော်ဝင်း ၂.၁.၂၀၁၇

# ပထမအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| အစည်းအဝေးကျင်းပသည့်ကျေးရွာ၊ ကျေးရွာအုပ်စု | - | **ကြာဖူးဒေါကျေးရွာ၊ ဒေါဘူးကူးအုပ်စု** |
| အစည်းအဝေးကျင်းပသည့်နေရာ | - | **ဘုရားရှိခိုကျောင်းဓမ္မာရုံ** |
| အစည်းအဝေးကျင်းပသည့်အချိန် | - | **နံနက် (၀၉:၀၀) နာရီ** |
| အစည်းအဝေးကျင်းပသည့်နေ့ရက် | - | **၁၆.၁၂.၂၀၁၆** |
| အစည်းအဝေးတက်ရောက်သူဦးရေ | - | **ကျား(၁၅)ဦး၊ မ (၂၇)ဦး** |

ပထမအကြိမ်ကျေးရွာအစည်းအဝေးကို နံနက် (၀၉:၀၀) နာရီတွင် စတင်သည်။ အစည်းအဝေးတက်ရောက်သူများစာရင်းကောက်ယူခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ လူထုစည်းရုံးရေးမှူး၊ ကျေးရွာ ရွာမိ/ရွာဖများနှင့် မိတ်ဆက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူးမှ စီမံကိန်းအကြောင်း မိတ်ဆက်ခြင်း၊ စီမံကိန်းစက်ဝန်း၊ အဓိကတာဝန်ရှိသူများနှင့် တာဝန်များကိုရှင်းပြသည်။ စေတနာ့ဝန်ထမ်းများ၏ တာဝန်ဝတ္တရားများကို ရှင်းပြပြီး စေတနာ့ဝန်ထမ်းပြောင်းလဲလိုသောကျေးရွာတွင် တက်ရောက်လာသော ကျေးရွာလူထုအား ပြန်လည်ရွေးချယ်စေပါသည်။

ဆက်လက်၍ လူထုစည်းရုံးရေးမှူးမှ ဒုတိယနှစ်စီမံကိန်းအတွက် ပြုလုပ်မည့် လူမှုဆန်းစစ်ချက်တစ်ခုချင်းစီ၏ ရည်ရွယ်ချက်ကို ရှင်းပြပြီးတက်ရောက်လာသော ကျေးရွာလူထုအား အုပ်စုဖွဲ့၍ ဆွေးနွေးစေကာ လူထုစည်းရုံးရေးမှူးမှ ပံ့ပိုးကူညီပေးပါသည်။ ကျေးရွာမြေပုံရေးဆွဲခြင်း၊ ဥစ္စာခနအဆင့်သတ်မှတ်ခြင်း၊ ရာသီခွင်ပြ ပြက္ခဒိန်၊ ကျား-မရေးရာသုံးစွဲမှု၊ ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ ကျေးရွာလူထုနှင့် အဖွဲ့အစည်းများချိတ်ဆက်မှုအခြေအနေသုံးသပ်ခြင်းတို့ကို ဆောင်ရွက်ကြပါသည်။ ထို့နောက်ကျေးရွာလူထုမှ ဆွေးနွေးဖော်ထုတ်ရရှိသော လူမှုဆန်းစစ်ချက်များကို ကိုယ်စားလှယ်တစ်ဦးစီမှ ပြန်လည်ဆွေးနွေးပြီး လူထုစည်းရုံးရေးမှူးက အနှစ်ချုပ်သုံးသပ်ပေးပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးမှ နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကိုမွန်းလွဲ (၁၃:၃၀) အချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။

## ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| အစည်းအဝေးကျင်းပသည့်ကျေးရွာ၊ ကျေးရွာအုပ်စု | - | ကြာဖူးဒေါကျေးရွာ၊ ဒေါဘူးကူးအုပ်စု |
| အစည်းအဝေးကျင်းပသည့်နေရာ | - | ဘုရားရှိခိုကျောင်းဓမ္မာရုံ |
| အစည်းအဝေးကျင်းပသည့်အချိန် | - | နံနက် (၉:၀၀) နာရီ |
| အစည်းအဝေးကျင်းပသည့်နေ့ရက် | - | ၁၇.၁၂.၂၀၁၆ |
| အစည်းအဝေးတက်ရောက်သူဦးရေ | - | ကျား(၁၇)ဦး၊ မ (၂၃)ဦး |

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို နံနက်(၁၉:၀၀)နာရီတွင် စတင်ပါသည်။ တက်ရောက်သူစာရင်းကောက်ယူခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပြီး လူထုစည်းရုံးရေးမှူးမှ အစီအစဉ်များကို ရှင်းပြပါသည်။ ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသောကျေးရွာလူထုများမှ အမျိုးသား/အမျိုးသမီးအလိုက် တွေ့ကြုံရသော အခက်အခဲများ၊ ပြဿနာများကို ဖော်ထုတ်ခြင်း၊ မျှော်မှန်းချက်များ ရေးဆွဲခြင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ရေးဆွဲခြင်းများ ဆောင်ရွက်ကြရာ လူထုစည်းရုံးရေးမှူးက ပံ့ပိုးကူညီပေးပါသည်။

ထို့နောက်လူထုစည်းရုံးရေးမှူးက စီမံကိန်းဆိုင်ရာ လူမှုပတ်ဝန်းကျင်အကာအကွယ်များ၊ အကျုံးဝင်/မဝင် လုပ်ငန်းခွဲများကို ရှင်းပြပြီး ကျေးရွာ၏ ဦးစားပေးလုပ်ငန်းများကို မဲမေးရွေးချယ်ကြပါသည်။ ဆက်လက်၍ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၏ တာဝန်ဝတ္တရားများ ရှင်းပြပြီး ပြောင်းလဲလိုသော ကော်မတီအစား ပြန်လည်ရွေးချယ်ခြင်းကို ကျေးရွာလူထုက ရွေးချယ်ပေးပါသည်။ လူထုစည်းရုံးရေးမှူးမှ ဝေဖန်အကြံပြုတိုင်ကြားမှုစနစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း၊ ကော်မတီဝင်များ၏ ကျင့်ဝတ်များရှင်းပြခြင်း COC လက်မှတ်ရေးထိုးစေခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ပုံစံ ရှင်းပြပါသည်။ ထို့နောက် စုပေါင်းမှတ်တမ်းဓါတ်ပုံရိုက်ကူးပြီး ကျေးရွာအုပ်ချုပ်ရေးမှူးမှ နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို မွန်းလွဲ (၁၃:၀၀) နာရီတွင် ရုတ်သိမ်းခဲ့ပါသည်။

# လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်အုပ်စု | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Social Map/ Resource Map) | ၁၉.၁၂.၂၀၁၉ | ရပ်မိရပ်ဖ၊ ကော်မတီ၊ ကျေးရွာလူထု များ အားလုံး | ၁၅ | ၂၇ | ၄၂ | အိမ်ခြေ၊ အိမ်အမျိုးအစား၊ အခြေခံအဆောက်အဦများ၊လမ်းပန်းဆက်သွယ်ရေး၊လယ်ယာမြေ၊ ရေတွင်း/ကန်၊သစ်တော၊ ဆက်စပ်နယ်နမိတ်။ |
| ၂။ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၁၉.၁၂.၂၀၁၉ | ချမ်းသာ၊ အလယ်အလတ်၊ ဆင်းရဲ၊ ကျေးရွာလူထု အားလုံး | ၁၅ | ၂၇ | ၄၂ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများဖြင့် သတ်မှတ်နိုင်ရန်အဆင့်၊ အခြေခံ စံနှုန်းကို လူထုကသဘော တူသတ်မှတ်၍ ရာခိုင်နှုန်း ဖော်ပြခြင်း။ |
| ၃။ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calendar) | ၁၉.၁၂.၂၀၁၉ | ကော်မတီဝင် များ၊ ကျေးရွာလူထု အမျိုးသမီး/သား အားလုံး | ၁၅ | ၂၇ | ၄၂ | စိုက်ပျိုး၊ရိတ်သိမ်းကာလ၊ ပွဲတော်ကာလ၊ ဖျားနာခြင်း၊ ပြင်ပ အလုပ်ရှာခြင်း၊ ဝင်ငွေ၊ ထွက်ငွေ၊ ရေရှား၊ လမ်းပန်းအခြေအနေ၊ ရာသီဥတုအခြေအနေ။ |
| ၄။ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၁၉.၁၂.၂၀၁၉ | အမျိုးသားများ နှင့် အမျိုးသမီး များ ကျေးရွာ လူထုအားလုံး | ၁၅ | ၂၇ | ၄၂ | အမျိုးသမီး/သားတန်းတူ အခွင့်အရေးနှင့် ကွာဟချက်(အမွေရရှိမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဦးဆောင်မှု၊အလုပ်အကိုင် ဆုံးဖြတ်ချက်ချမှုများ။) |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်အုပ်စု | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၅။ | ကျေးရွာလူထုနှင့် အဖွဲ့အစည်း ချိတ်ဆက်ပုံ (Venn Diagram) | ၁၆.၁၂.၂၀၁၆ | ကော်မတီဝင် ကျေးရွာလူထု အားလုံး | ၁၅ | ၂၇ | ၄၂ | ကျေးရွာတွင် အဖွဲ့အစည်းများ၊ ကျေးရွာပြင်ပအဖွဲ့အစည်းများ ချိတ်ဆက်မှုအနေအထား၊ သြဇာလွှမ်းမိုးမှုအခြေအနေ |
| ၆။ | အခက်အခဲ (Problem) | ၁၇.၁၂.၂၀၁၆ | အမျိုးသမီး၊ အမျိုးသား၊ ကျေးရွာ လူထုအားလုံး | ၁၇ | ၂၃ | ၄၀ | အမျိုးသမီးကြုံတွေ့ရသောအခက်အခဲ၊အတားအဆီးများ၊ အမျိုးသား အခက်အခဲ၊ အတားအဆီးများ။ |
| ၇။ | မျှော်မှန်းချက်များ (Vision) | ၁၇.၁၂.၂၀၁၆ | အမျိုးသမီး၊ အမျိုးသား၊ လူထုအားလုံး | ၁၇ | ၂၃ | ၄၀ | နောင်လာမည့် (၅)နှစ်အတွင်း မျှော်မှန်းချက်များ အမျိုးသမီး မျှော်မှန်းချက်၊ အမျိုးသားမျှော်မှန်းချက် |
| ၈။ | ကျေးရွာ၏ (၄)နှစ်စာဦးစားပေးအစီအစဉ်ပြဇယား (Matric Ranking) | ၁၇.၁၂.၂၀၁၆ | အမျိုးသမီး၊ အမျိုးသား၊ လူထုအားလုံး | ၁၇ | ၂၃ | ၄၀ | အမျိုးသမီးဦးစားပေး လုပ်ငန်း၊ အမျိုးသား ဦးစားပေးလုပ်ငန်းများ နှင့် အမျိုးသမီး+အမျိုးသားဦးစားပေးလုပ်ငန်းများ။ |
| ၉။ | ကျေးရွာသမိုင်း အကျဉ်းချုပ် (History) | ၁၇.၁၂.၂၀၁၆ | ရွာမိရွာဖ အုပ်ချုပ်ရေးအဖွဲ့ ကော်မတီ ကျေးရွာလူထု | ၁၇ | ၂၃ | ၄၀ | ကျေးရွာဆင်းသက်ပုံ၊ သက်တမ်း၊ ကြုံတွေ့ခဲ့ရသောဖြစ်စဉ်၊ဖြစ်ရပ်များ၊ ရိုးရာဓလေ့၊ ပြောင်းလဲတိုးတက်မှု အခြေအနေ။ |